
လုံးချင်းဝတ္ထုသစ်
လွမ်းတာမို့
မငိုပါနဲ့ခေါင်းလောင်းလေးရယ်
ပန်းချီ သိန်းရွှေကြည်
2011

ကမ္ဘာပေါ်မှာ ...

အမြောက်သံ၊ ဗုံးသံ၊ သေနတ်ပစ်သံတွေ တစ်ချက်မှ မကြားလိုက်ရဘဲ အကြီးကျယ်ဆုံးနဲ့ အပြင်းထန်ဆုံးဖြစ်ရတဲ့ စစ်ပွဲဆိုတာ နှလုံးသားထဲမှာ ဖြစ်ရတဲ့ စစ်ပွဲပါ ဦးစိုးမရွှယ်။

ခင်ဗျား မျက်ရည်တစ်စက်ကျမှ ..

ရန်မဟာ လုံးဝလက်နက်ချမယ်ဗျာ ...

"ရန်မဟာ"

## အခန်း (၁)

'ဟိတ် ... နင် ဘယ်သူလဲ'

ပန်းကမ္ဘာစက်ဘီးအစိမ်းရောင်လေးကို အားကုန်နင်းထွက်လာရင်း ခြံစည်းရိုးသံတံခါး မြင့်မြင့်ကြီးရှေ့ကိုအရောက်မှာ ဘရိတ်တံ နှစ်ခုစလုံးကို တအားဖျစ်ညှစ်ဆုပ်ကိုင်ပစ်လိုက်ရင်း စက်ဘီးလေးကို ထိုးရပ်ပစ်လိုက်သည် ။

သံတံခါးမြင့်မြင့်ကြီးရဲ့ ဘေးနှစ်ဖက်မှာ ရောင်စုံစက္ကူပန်းပင်တွေက အပွင့်ကိုင်းတွေကား ထွက်ကာ အဝင်အထွက် လမ်းမပေါ်အထိ ရှည်ဝဲကျနေတာမို့ အထဲကနေ လှမ်းကြည့်လိုက်မည်ဆိုလျှင်ပင် ခြံတံခါးဝကို မမြင်ရပေ။

သို့သော် အိမ်အပေါ်ဝယ် ဝရန်တာလေးမှ လှမ်းကြည့်လိုက်လျှင်တော့ ခြံဝက မြင်ကွင်းကို အထင်အရှားမြင်နေရတာမို့ ရှယ် အသည်းအသန်လေးပြေးဆင်းကာ ပန်းကမ္ဘာစက်ဘီးလေးပေါ် ခုန်ကျော်ခွတက်လျက် ခြံတံခါးဝက မသက်ာဖွယ်ရာ လူရိပ်ရှိရာကို နင်းထွက်လာခဲ့ရတာပဲ ဖြစ်သည် ။

ခြံပြင်ရောက်တော့ ခြံတံခါးရှက် သံတိုင်လေးတွေကို တင်းတင်းလေးဆုပ်ကိုင်ကာ ရီဝေဝေမျက်ဝန်းလေးအစုံဖြင့် ရပ်နေသည့် ဆင်းရဲစုတ်ပြတ်နေသော ရှယ်တို့ နှင့်ရွယ်တူကောင်လေး တစ်ယောက်ကို တွေ့လိုက်ရလျှင် ရှယ် မျက်ခုံးလေးတွေကွေးရုံ့ တွန့်ကာ ထပ်မေးလိုက်မိတာက ...

'ဟဲ့ ... နင့်ကို မေးနေတာလေ၊ နင် ဘယ်သူလဲ'

ရှယ်က ခပ်စွာစွာလေသံဖြင့် နောက်တစ်ကြိမ်လှမ်းမေးလိုက်ပေမယ့် ထိုကောင်လေးက ရှယ့်ကိုလည်း ဂရုမစိုက်ပါ။ ရှယ်မေးတာကိုလည်း ပြန်မဖြေပါ။

အသားလေးက ဖြူပေမယ့် ဝတ်ထားတာလေးက အင်္ကျီလက်တိုအဟောင်း၊ ဘောင်းဘီတိုဟောင်းကလေးမို့ ရှယ်နှာခေါင်းလေးရှုံ့ကာ ထိုကောင်လေးကိုပဲ နောက်တစ်ကြိမ် အသေအချာစူးစိုက်ကြည့်ရင်း နှုတ်ခမ်းလေးကိုပါ ရှယ်က စူတင်းထားမိသည် ။

ထိုကောင်လေးကလည်း နှုတ်ခမ်းလေးမဲ့ကာ ရှယ့်ကို ပြန်ကြည့်သ

ည် ။ ဆင်းရဲသော ယောက်ျားလေးတစ်ယောက်ပေမယ့် စင်းကော့ရှည် လျားသော မျက်တောင်တွေကို ဖျတ်ခနဲပင့်တင်ကာ နှုတ်ခမ်းစွန်းလေး တစ်ဖက် ညွတ်ကွေးသွားအောင် ရွှယ်က ခပ်မဲ့မဲ့လေး စိုက်ကြည့်နေပုံ လေးက ဂျစ်ကန်ကန် မာကျောကျောပုံစံလေးမျိုး။

ရွှယ်ကလည်း သူ့လိုပင်။ နှုတ်ခမ်းလေးတွေကို ထပ်ကွေးပစ်လိုက်ကာ ...

'နင် ... နင် ဘာဖြစ်လို့ ငါတို့ ခြံတံခါးကြီးရှေ့မှာ လာရပ်ပြီး အထဲကို ချောင်းကြည့်နေတာလဲ၊ နင် သူခိုးလား'

'ဘာပြောတယ်'

ရွှယ်မေးလိုက်သော စကားကြောင့် ထိုကောင်လေး ဆတ်ဆတ်ခါနာ သွားသလို ဖြူသောမျက်နှာလေးက စောစောကထက် နှစ်ဆ ပိုရဲသွားသ ည် ။

'ဒီမှာ နင် သူခိုးမဟုတ်ရင် ဘာလဲ၊ နင့်ကို ဒီတိုက်ကြီးရဲ့ အပေါ်ထပ်ဝ ရန်တာက ငါရပ်ကြည့်နေတာ ကြာပြီ၊ နင် သူခိုး၊ သူများ ပစ္စည်းကို အ ချောင်ခိုးမလို့ ဒီနေရာလေးကနေ ခြံထဲကို နင်ချောင်းကြည့်နေတာ ငါမ သိဘူးများ အောက်မေ့နေသလား'

'ငါ ... ငါ သူခိုး မဟုတ်ဘူး နော်'

ပခုံးစွန်းလေးအထိ ဝဲကျနေသည့် ဆံပင်ရှည်တွေ ဘယ်ညာယိမ်းသွားအောင် ခေါင်းလေးကိုခါပြီး သူ ရွှယ့်ကို တင်းတင်း လေး ပြန်စိုက်ကြည့်သည် ။

'ဟဲ့ ... နင် သူခိုးမဟုတ်ရင် သူများ ခြံထဲကို ကိုယ်နဲ့ မဆိုင်ဘဲ ဘာဖြ စ်လို့ ချောင်းကြည့်နေတာလဲ'

ကောင်လေးကလည်း ရွှယ်မေးတာကို ခေါင်းငုံ့မခံပါ။

'ဒီမှာ ငါ သူခိုး မဟုတ်ဘူး လို့ နင့်ကို ဘယ်နှခါဖြေရမလဲ၊ သူများ ပစ္စည်းကို အချောင်ယူတာလည်း ဘယ်တော့မှ ဝါသနာ မပါဘူး၊ ငါ ဒီကို လာတာ ငါ့အမေနဲ့ တွေ့ချင်လို့ လာတာ'

'ဘာပြောတယ် ... နင့်အမေ ဟုတ်လား၊ နင့်လို စုတ်ပြတ်သတ်နေတဲ့ ကောင်လေးတစ်ယောက်ရဲ့ အမေက ငါတို့ ခြံထဲမှာ ရှိပ့ါမလား၊ ဒါ သူဌေးတွေနေတဲ့ ခြံ၊ နားလည်လား၊ သွား ... သွား ... ငါတို့ ခြံရှေ့က နင် အခုချက်ချင်းထွက်သွား၊ နင် မသွားရင် သူခိုးဆိုပြီး ငါ အသံအကျယ်ကြီးနဲ့ အော်မှာ နော်'

ရွှယ် ဒီလိုပြောတော့ သံတံခါးကြီးကို ဖျောင်းခနဲအသံမြည်သွားအောင် လက်ဖြင့် သူက ရိုက်ကာ ...

'ငါ သူခိုး မဟုတ်ဘူး လို့ နင့်ကိုပြောနေတာ ဘယ်နှခါရှိနေပြီလဲ၊ ငါ အရမ်းစိတ်တိုလာရင် ဒီခြံစည်းရိုးတံခါးကြီးကို ကျော်ဝင် လာပြီး နင့်ကို လက်သီးနဲ့ လာထိုးမှာ နော်'

'အောင်မယ် ... နင်က ဒီကိုလာထိုးရအောင် နင်က လူမိုက်လား၊ လမ်းပေါ်က လမ်းသရဲလားဟဲ့၊ ဟင်း ... နင်က ငါ့ကို ဘာအောက်မေ့နေလို့လဲ၊ ငါက အရှေ့နေကုမ္ပဏီပိုင်ရှင် သူဌေးကြီးဦးစိုးမရွှယ်ရဲ့ တစ်ဦးတည်းသောသမီးလေး သွန်းမရွှယ်ဆိုတာ ငါပဲ'

နဖူးပြင်တင်းတင်းလေးပေါ် ပြိုကျလာသည့် ဆံပင်လေးတွေကိုလည်း ရွှယ်က သပ်တင်သည် ။ သူ့ကိုလည်း ကောင်လေးက နှာခေါင်းလေးရှုံ့ပြီး ထပ်ကြည့်၏။ ပြောရရင် ထိုကောင်လေးရဲ့ မျက်နှာထားလေးက မာကျောကာ ဟောဟောဒိုင်းဒိုင်းကလေးနဲ့ စိတ်ထဲရှိတာ တကယ်လုပ်ချပစ်မယ့် ပုံစံမျိုးလေး။

'အေး ... ဟုတ်တယ်၊ ငါကလူမိုက်၊ နင်တို့ သူဌေးတွေအားလုံး ဘယ်သူ့ကိုမှ ဂရုမစိုက်လို့ ဒီနေရာကို ငါတစ်ယောက်တည်း လိုက်လာတာ၊ ဒီခြံထဲမှာ ငါ့အမေရှိတယ်၊ ဆင်းရဲတဲ့ ငါ့အဖေကို တရားဝင်ကွာပြီး နင့်အဖေနဲ့ ယူလိုက်တယ်ကြားလို့ ငါ့အမေကို ငါပြန်လာခေါ်တာ'

'ဟယ် ... ဒါဆို နင်က ဒေါ်အမုန်းပြိုင်ရဲ့ သားပေ့ါ၊ ငါ့ဒယ်ဒီကို ပိုက်ဆံချမ်းသာတယ်ဆိုပြီး အတင်းယူ အတင်းလက်ထပ်ပြီး အိမ်ပေါ်ကို တက်လာတာလေ'

ထိုကောင်လေးကို စိုက်ကြည့်ပြီး ရွှယ့်မျက်ဝန်းကလေးတွေက အခုမှ ပိုနာကျင်သွားသည် ။

ဒေါ်အမုန်းပြိုင်ရဲ့ သားတဲ့ ။

ဒေါ်အမုန်းပြိုင်ဆိုတာ ရွှယ် အရမ်းမုန်းတဲ့ အန်တီ။

မာမီဆုံးတာတောင်မှ မကြာသေးဘဲနဲ့ ရွှယ် အတင်းတားနေသည့်ကြားက ဒေါ်အမုန်းပြိုင်ကို ဒယ်ဒီက လက်ထပ်ယူပစ်လိုက်တာ ။

'အဲဒါတွေ နင် ငါ့ကို ဘာမှ လာမပြောနဲ့ ၊ အရေးကြီးတာ ငါ့အမေနဲ့ ငါတွေ့ချင်တယ်၊ နင့်အဖေနဲ့ ယူပစ်လိုက်တာကိုလည်း ငါ လုံးဝသဘောမတူဘူး'

'အောင်မယ် ... နင်လို ဆင်းရဲသားကောင်စုတ်လေးကများ ကြီးကျယ်လို့ ၊ အခု ငါ့ဒယ်ဒီနဲ့ ယူလိုက်လို့ နင့်အမေ ဘယ်လောက်ဇိမ်ကျနေပြီလဲဆိုတာ နင် သိရဲ့ လား'

'အဲဒါ ငါ စိတ်မဝင်စားဘူး၊ နင့်အဖေကိုလည်း အထင်မကြီးဘူး၊ ငါ့အမေကိုပဲ ခေါ်ပေးပါ၊ အိမ်မှာ ငါ့အမေရှိရင် ငါ့ကိုချစ်တယ်၊ ငါ့အမေကို

လည်း ပိုက်ဆံနဲ့ ပေါက်ပြီး လက်ထပ်သွားတဲ့ နင့်အဖေကို ငါအရမ်းမုန်းတယ်’

‘ဟယ် ... ကြည့်စမ်း၊ နင်လိုကောင်လေးကများ ငါ့ဒယ်ဒီကို ဒီလိုပြောရမလား၊ ဒီမှာ ငါ့ဒယ်ဒီက နင့်အမေကို ငမ်းငမ်းတက်ကြိုက်လို့ ခေါ်လာတာ မဟုတ်ဘူး တဲ့ ၊ ငါ့မာမီဆုံးသွားကတည်းက ငါတို့ အိမ်ပေါ်တက်လာတာ၊ အဲဒါ နင်သိရဲ့ လား’

ရွှယ် နှုတ်ခမ်းလေးမဲ့ကာ ခပ်ပြတ်ပြတ်ပဲ ပြန်ပြောသည် ။

‘လုပ်မနေနဲ့ ၊ အခု ငါ့အမေ ဘယ်မှာ လဲ၊ နင် ငါ့အမေကို ခေါ်မပေးရင် ဒီခြံရှေ့ကနေပဲ ငါ့အမေကို ငါအော်ခေါ်မှာ နော်၊ အမေရေ ...’

‘ဟယ် ...’

ရွှယ် တားလို့ လည်း မရ။

ခြံတံခါးသံတိုင်လေးတွေကို ဆုပ်ကိုင်ကာ အသံကျယ်ကြီးနဲ့ သူ့အမေကို သူ့ဘာသာသူ လှမ်းအော်ခေါ်နေပြီ။

‘အမေရေ’

‘အမေ ...’

မျက်နှာကလေးကလည်း ငိုတော့မယ့် မျက်နှာကလေးနှင့်။ ခြံတံခါးကြီးကိုလည်း တဝုန်းဝုန်းထုရိုက်နေသည် ။

‘အမေရေ’

‘အမေ’

‘ဝုန်း ...’

‘ဒုန်း ...’

'ဟာ ... ပြဿနာပါ၊ နင် ... နင် ဘာဖြစ်လို့ ဒီလောက် အသံကျယ်ကြီးနဲ့ ဖွတ်အော်နေတာလဲ၊ ခြံကြီးဝင်းကြီးတွေနဲ့ ချည်းပဲနေတဲ့ ရပ်ကွက်မှာ ဒီလိုလာမအော်နဲ့ လေ၊ ဟွန်း ... ဒုက္ခပါပဲ'

ရွှယ် ခါးကလေးထောက် မျက်စောင်းလေးပင့် ပြောလိုက်ပေမယ့် သူကတော့ ရွှယ့်ကို လုံးဝဂရုမစိုက်တော့ပါ။

'အမေရေ'

'အမေ ...'

'အဟင့် ... ဟင့် ...'

အို ... ကောင်လေး ငိုနေပြီ။

သံတံခါးကြီးကိုကိုင်ကာ သူ့အမေကိုအော်ခေါ်ရင်း ကောင်လေး မျက်ဝန်းအိမ်လေးထဲကနေ မျက်ရည်တွေ တစ်ပေါက်ပြီးတစ်ပေါက် စီးကျလို့ လာနေခဲ့ပြီ။ သနားဖို့ လည်းကောင်းသလို အမြင်ကတ်ဖို့ လည်း ကောင်းတဲ့ ထိုကောင်လေးက ဒယ်ဒီယူလိုက်သည့် နောက်မိန်းမ အန်တီပြုံ့ကို လာပြန်ခေါ်တာတဲ့ ။ ရွှယ်ဘယ်လောက်ပဲ မုန်းမုန်း အန်တီ ဒေါ်အမုန်းပြိုင်ဟာ သူ့အမေပဲ။ အမေမရှိတော့ သူလည်း ဝမ်းနည်းနေမှာ ပဲ။

ရွှယ်ပင် သူ့ကိုကြည့်ကာ စိတ်ထဲက သနားသလိုဖြစ်သွားသည် ။

အော်ခေါ်နေသံတွေကြားတော့မှ တိုက်ထဲကနေ မျက်လုံးပြူး မျက်ဆံပြူး ပြေးထွက်လာတာက ဒေါ်အမုန်းပြိုင်ပါ။

'သား ... သားငယ်လေး ရန်မဟာ၊ အမလေး ... မေမေ့သားလေးရယ်'

သူ့သားလေးကို မြင်လိုက်ရတော့လည်း ဒေါ်အမုန်းပြိုင်က ရင်ဘတ်စည်တီး။ ကျောပြင်နောက်မှ ပြေကျသွားသည့် ဆံပင်ရှည်တွေကိုလည်း ဒေါ်အမုန်းပြိုင်က စုစုစည်းစည်းလေးဖြစ်သွားအောင် ပြန်မပြင်နိုင်။

'မေမေ့ဆီကို မင်း ဘာဖြစ်လို့ တစ်ယောက်တည်းလိုက်လာရတာလဲ သားငယ်လေးရယ်၊ အို … ကြည့်ပါဦး၊ ပါးကလေးပေါ်မှာ လည်း မျက်ရည်တွေနဲ့ '

သူ့သားကိုကြည့်ပြီး ဒေါ်အမုန်းပြိုင်ရဲ့ စူးလက်နေသည့် မျက်ဝန်းလေးတွေ ချာခနဲလှည့်လာတာက ရှယ့်ဘက်ကို …

'မိရှယ် … ညည်း … ညည်းလေးက ငါ့သားကို ဘာတွေပြောလိုက်လို့ ငါ့သားငယ်လေး မျက်ရည်တွေကျသွားရတာလဲ၊ ပြီးတော့ ငါ့သားငယ်လေး ဒီကိုလိုက်လာတာကို ညည်းက ခြံတံခါး ဖွင့်မပေးဘဲ တမင်ပိတ်ထားတာပေ့ါလေ၊ ညည်း … ညည်း အကျင့်ယုတ်လှချည်လားဟင် အမျိုးယုတ်မလေးရဲ့ '

ထုံးစံအတိုင်း အမုန်းတွေနှင့် လှည့်လာသည့် မြားဦးက ရှယ့်ဆီကိုပါပဲ။ ရှယ်ကလည်း မျက်နှာလေးကို မဲ့ပစ်ကာ …

'အန်တီပြိုင်နော် … ရှယ့်ကို လာမပြောနဲ့ ၊ သူ့ဟာသူ အန်တီပြိုင့်ကို အော်ခေါ်ပြီး မျက်ရည်တွေကျလာတာ၊ ရှယ်နဲ့ ဘာမှ မဆိုင်ဘူး၊ ဟွန်း … '

ရှယ်ကလည်း မခံချင်စိတ်ကလေးနဲ့ ။

ပြောရင်း လက်ကလေးကိုပိုက်ကာ မျက်နှာလေးကိုပါ ချာခနဲ လှည့်ပစ်သည် ။

သည် တော့မှ ဒေါ်အမုန်းပြိုင်က သူ့သားဘက်ကို ပြန်လှည့်ကာ …

'သားငယ်လေးရယ်၊ ဒီလောက်အဝေးကြီးကို မင်း ဘာဖြစ်လို့ တစ်ယောက်တည်း လိုက်လာရတာလဲဟင်၊ ပြီးတော့ ခြံထဲကိုလည်း ဝင်မလာဘဲနဲ့ ဘာဖြစ်လို့ ခြံရှေ့ကနေ မေမေ့ကို အော်ခေါ်နေရတာလဲ၊ ဒီခြံကြီးထဲကိုဝင်ရင် မေမေ့သားငယ်လေး ဘယ်သူ့ကိုမှ ကြောက်နေစရာ မလိုတော့ဘူး၊ ဒီခြံကြီးက အခု မေမေပိုင်တဲ့ ခြံကြီးဖြစ်သွားပါပြီကွ။ သားငယ်လေးရဲ့ ... အခု သားငယ်လေး ခြံထဲကိုမဝင်ရဲတာ မိရွယ်ဆိုတဲ့ ဟိုဂါဝန်ဖြူဖြူ လေးဝတ်ထားတဲ့ ကောင်မလေးက အထက်စီးကနေပြောပြီး ခြံဝကနေ မောင်းထုတ်နေလို့ လား။ မေမေ မေးတာကို ဖြေစမ်းပါလား သားငယ်လေးရဲ့ ။ မေမေ့မျက်နှာကို မော့ကြည့်ပြီး မင်း ရဲရဲတင်းတင်းဖြေစမ်း'

'အဟင့် ... သားက ဘယ်သူ့ကိုကြောက်လို့ ငိုရမှာ လဲ မေမေ၊ ဒီကောင်မလေး ပြောရင် ဒီကောင်မလေးကို သားက လက်သီးနဲ့ ထိုးပစ်မှာ ၊ သား အခုလာတာ မေမေ့ကို ပြန်လာခေါ်မလို့ လာတာ၊ ဒီခြံထဲက ပိုက်ဆံချမ်းသာတဲ့ သူဌေးကြီးကို မယူဘဲ သားဖေဖေနဲ့ ပဲ မေမေ ပြန်ပေါင်းပါနော်၊ အခု သားဖေဖေက နေမကောင်းဖြစ်သွားလို့ အိပ်ရာထဲမှာ လဲနေပြီ မေမေရဲ့ ၊ အဟင့် ... ဟင့် ...'

ရွယ် လှမ်းကြည့်လိုက်တော့ ကောင်လေး ငိုနေတာ ကြေကြေကွဲကွဲမျက်ဝန်းလေးတွေနဲ့ ခြံတံခါးသံတိုင်လေးကို လက်ကလေးဖြင့်ဆုပ်ကိုင်ကာ သူ့အမေကို မော့ကြည့်ပြီး ငိုရှိုက်သံနင့်နင့်ကလေးနှင့် ပြောနေခဲ့တာပဲ ဖြစ်သည် ။

'အို ... သားငယ်လေးရယ်၊ မင်းဖေဖေနဲ့ မေမေက ရုံးမှာ တရားဝင်ကွာရှင်း ပြတ်စဲလိုက်ပြီးတော့မှ ဒီကုမ္ပဏီပိုင်ရှင် သူဌေးကြီးကို လက်ထပ်ယူပစ်လိုက်တာလေ၊ ဟိုတုန်းကဆိုရင် မေမေက ဆင်းရဲနေတော့ မေ

မေ့သားလေးတွေ ဝတ်ဖို့ ဘောင်းဘီလှလှလေးတွေ အင်္ကျီလှလှလေးတွေ ဘယ်မှာ ဝယ်ပေးနိုင်ခဲ့လို့ လဲ၊ မေမေ့အိမ်မှာ တီဗွီတွေ၊ အောက်စက်တွေမရှိလို့ တောင် သူများ အိမ်မှာ မျက်နှာငယ်ငယ်လေးတွေနဲ့ မေမေ့သားလေးတွေ သွားထိုင်ကြည့်ခဲ့ရတယ်မဟုတ်လား’

အမလေးနော် ... သူ့သားကိုကျတော့ မရှက်မကြောက် ဝန်ခံနေလိုက်တာ။ ဟင်း ... ရွှယ်ကလည်း အန်တီပြုံး ဘယ်ဘဝက လာတယ်ဆိုတာ မာမီမဆုံးခင်က တစ်ခါပြောသွားလို့ သိပါတယ်။ ကမာရွတ်လှည်းတန်းဈေးအပေါက်ဝလေးမှာ ပါးကွက်ကျားလေးကွက်ပြီး နှင်းဆီပန်းလေးတွေ အန်တီပြုံး အော်ရောင်းခဲ့တာမဟုတ်လား။

အန်တီပြုံ့ဘဝကို ဒယ်ဒီက သနားလို့ လက်ထပ်လိုက်တာ ရွှယ်အသိဆုံး။

‘အခုဆိုရင် ဒီကုမ္ပဏီပိုင်ရှင် သူဌေးမှုဆိုးဖိုနဲ့ လက်ထပ်လိုက်လို့ မေမေ ချမ်းသာနေပြီလေ၊ သားငယ်လေးက မေမေနဲ့ လာနေနော်၊ မေမေနဲ့ အတူတူ ဒီခြံကြီးထဲမှာ သားငယ်လေး လာနေရင် ဟိုကောင်မလေးစီးတဲ့ စက်ဘီးလှလှလေးလည်း မေမေ့သားလေးတွေ စီးရမယ်၊ စပို့ရှပ်လှလှလေးတွေ ဘောင်းဘီရှည်လှလှလေးတွေဝတ်ပြီး အပျံစားလေးလည်း နေရမယ်၊ ကျောင်းတက်ရင်လည်း နောက်ဆုံးပေါ် အပျံစားကားကြီးစီးပြီး ကျောင်းတက်ရမယ်’

‘ဟွန်း ...’

ဒေါ်အမုန်းပြုံးက အားမနာ လျှာမကျိုးပြောတော့ ရွှယ်ကလည်း နှုတ်ခမ်းဖူးဖူးလေးတွေ ချိတ်သွားအောင်ကိုပဲ မျက်နှာလေးကို မဲ့မိသည် ။ ဒါပေ့ါလေ။ ဒါကြောင့်မို့လည်း ဒယ်ဒီ့ဆီက လက်ထပ်ခွင့်ရဖို့ အန်တီပြုံး အမျိုးမျိုးကြိုးစားခဲ့တာပေ့ါ။

မာမီဆုံးတာနဲ့ ဒယ်ဒီ့ကို ဘယ်သူမှ မဦးခင် အိမ်ပေါ်ကို ဖြောင်တက် လာတာ ကြည့်ပါလား။

အဲဒီကတည်းက ရွှယ် အန်တီပြုံ့ကို မုန်းခဲ့တာ။

'နော် ... သားငယ်လေးနော်၊ မေမေနဲ့ အတူတူ ဒီမှာ လာနေရင် သားငယ်လေး လိုချင်တာတွေအားလုံး မေမေ အကုန်ဝယ်ပေးမယ်၊ လက်ပတ်နာရီလှလှလေးလည်း ဝယ်ပေးမယ်၊ ဟမ်းချိန်းလှလှလေးလည်း မေမေ ဆင်ပေးမယ်၊ ပိုက်ဆံတွေလည်း အထပ်လိုက်သုံး၊ ဟုတ်ပြီနော်'

'သား ... သား ... အဲဒါတွေ ဘာမှ မလိုချင်ဘူး မေမေ၊ အဟင့် ...'

'အို ... ကြည့်စမ်း၊ အဲဒါတွေမလိုချင်ဘဲနဲ့ မင်း ဘာဖြစ်လို့ မေမေ့ဆီကို လိုက်လာတာလဲ၊ ပြောစမ်း ... မေမေ့ကို တိတိကျကျ ပြောစမ်း'

'မေမေနဲ့ ဖေဖေ ပြန်ပေါင်းတာပဲ သားလိုချင်တယ်၊ အဲလို ပြန်ပေါင်းမယ်ဆိုရင် သား မုန့်မစားဘဲ အငတ်ခံမယ်၊ သီတင်းကျွတ်ရင်လည်း သူများ တွေလို အင်္ကျီအသစ်လေးတွေ မေမေ ဝယ်မပေးနဲ့ တော့၊ မေမေ အိမ်မှာ မရှိရင် သား အိပ်လို့ မပျော်ဘူး မေမေရဲ့ ၊ သားကြီးလာရင် မေမေ လိုချင်တဲ့ ပိုက်ဆံတွေအများကြီးရအောင် သား ရှာပေးမယ်လေ၊ ဖေဖေနဲ့ ပဲ ပြန်ပေါင်းပါနော် မေမေ၊ လာပါ မေမေ၊ အခုချက်ချင်း မေမေ သားနဲ့ ပြန်လိုက်ခဲ့ပါ၊ မေမေ့ကိုတွေ့ရင် ဖေဖေတစ်ခါတည်း နေပြန်ကောင်းသွားမှာ မေမေရဲ့ '

သူ့သားငယ်လေးကိုကြည့်ကာ ဒေါ်အမုန်းပြုံ့ရဲ့ မျက်ဝန်းတွေက နာကျင်စွာ အေးစက်သွားသည် ။

'ခက်လိုက်တာ သားငယ်လေးရာ၊ ဒီမှာ မင်း မေမေ့ကို မော့ကြည့်စမ်း၊ မင်းကို မေမေ ပြောမယ်၊ မင်းအဖေ ဆင်းရဲတဲ့ လေဖြတ်

ဒုက္ခိတကို မပေါင်းချင်တော့လို့ မေမေ ကွာလိုက်တာ၊ မေမေအရင်နေခဲ့တဲ့ ဆင်းရဲသားရပ်ကွက်ထဲကိုလည်း မေမေ ပြန်မလာချင်တော့ဘူး၊ မိန်းမတစ်ယောက်ကို ယူတုန်းကယူပြီး တင့်တောင့်တင့်တယ် မထားနိုင်တဲ့ မင်းအဖေကိုလည်း မေမေ မုန်းတယ်'

'ဗျာ ... မေမေ ဘယ်လိုပြောလိုက်တာလဲ'

ကောင်လေးမျက်ဝန်းလေးတွေ တအံ့တဩလေးနှင့် ဝိုင်းစက်သွားသည်။

ဒါကို ဂရုမစိုက်တော့ဘဲ မျက်နှာလေးမဲ့ကာ ဒေါ်အမုန်းပြိုင် ဆက်ပြောလိုက်တာက ...

'မင်း အခုပဲကြည့်လေ၊ မေမေ အခုဝတ်ထားတဲ့ တစ်ကိုယ်စာလက်ဝတ်လက်စားတွေ မပြောနဲ့ ၊ နားကပ်နောက်ပိတ်သေးသေးလေး တစ်ခုတောင် မင်းဖေဖေက မေမေ့ကို ဝယ်ပေးနိုင်လို့ လား'

'ဗျာ ...'

ကောင်လေး မျက်ဝန်းလေးတွေ နာကျင်အေးစက်သွားရပြီ။

မျက်ရည်လေးတွေလည်း ချက်ချင်းပဲ ဝဲတက်လာခဲ့ပြီ။

'မေမေ ... မေမေက ဖေဖေ့ကို မုန်းတယ် ဟုတ်လား၊ ဖေဖေ နေကောင်းတုန်းက သူများ အိမ်က တက္ကစီကားလေးကို မောင်းပြီး သားတို့ကို ဒီအရွယ်ရောက်အောင် ဖေဖေက ရှာပေးလာတာလေ မေမေရဲ့ ။ သူများ တွေ အရက်သောက်တော့လည်း ဖေဖေက မသောက်ဘူး၊ သူများ တွေ ဖဲရိုက်တော့လည်း ဖေဖေက မရိုက်ဘူး၊ အဲဒီလို ဖေဖေ့ကို ဆင်းရဲတဲ့ အိမ်ကလေးထဲမှာ တစ်ယောက်တည်းထားပြီး မေမေ့နောက်ကို သား လိုက်ရမှာ ပါ၊ သား လုံးဝမလိုက်ဘူး မေမေ၊ သူများ ပိုက်ဆံတွေနဲ့

ချမ်းသာရမယ့် ဒီအိမ်ကြီးမှာ လည်း သား မနေဘူး’

‘ရန်မဟာ မင်း မာနမကြီးနဲ့ နော်၊ မေမေ့စကားကို နားထောင်စမ်း’

‘မေမေ့ရဲ့ လူကြီး၊ ဖေဖေနဲ့ မေမေ့ကို ကွဲအောင် လုပ်သွားတဲ့ လူကြီး၊ အဲဒီလူကြီးမျက်နှာကို သား လုံးဝမကြည့်ချင်လို့ ဒီအိမ်မှာ လာမနေတာ၊ မုန်းတယ်၊ အဲဒီလူကြီးကို သား အရမ်းမုန်းတယ်ဗျ၊ အဟင့် … ဟင့် …’

ထိုကောင်လေး ပြောနေတာ ဒယ်ဒီကို ပြောနေတာလား။

ရွှယ်ကိုယ်တိုင်လည်း ထိုကောင်လေးကိုကြည့်ကာ မျက်တောင်မခတ်နိုင်တော့ပါ။

‘မေမေ ပြန်မလိုက်တော့ဘူးဆိုရင်လည်း သား မေမေ့ကို ဘယ်တော့မှ ပြန်လာမခေါ်တော့ပါဘူး မေမေရယ်၊ သား အခုပဲ ပြန်ပါတော့မယ်’

‘အဟင့် … ဟင့် …’

သူဆုပ်ကိုင်ထားသည့် သံတိုင်လေးတွေကို လွှတ်ချလိုက်ကာ ခေါင်းကလေးငုံ့ရင်း နောက်ကို တစ်လှမ်းချင်းလေး သူက ဆုတ်သွားသည် ။

‘သား … ရန်မဟာ မင်း မသွားနဲ့ ဦး၊ မင်းကို ပြောစရာစကားတွေ မေမေ့မှာ အများကြီးကျန်သေးတယ်၊ မေမေ့သားငယ်လေး ရပ်ကွက်ထဲကိုပြန်ရင် ဟိုလူက ခိုင်း၊ ဒီလူက ခိုင်းနဲ့ မျက်နှာလေးငယ်ပြီး မေမေ့သားလေး ဒုက္ခရောက်လိမ့်မယ်၊ မေမေ့သားငယ်လေးက မဟုတ်မခံစိတ်ကလေးနဲ့ မာနကြီးတာ မေမေ သိပါတယ်၊ မေမေ့ဆီကို ပြန်လာနော်’

ရွှယ်ကိုယ်တိုင်ပင်လျှင် ရန်မဟာဆိုသည့် ထိုကောင်လေးကိုကြည့်ကာ တစ်ကိုယ်လုံး အေးစက်နေခဲ့လျက်။

‘သား … သား … မလာတော့ပါဘူး မေမေ၊ ဒါပေမဲ့ နောက်ဆုံးအနေ

နဲ့ မေမေ့ကို သား တစ်ခုပဲပြောခဲ့မယ်၊ မေမေ အခုယူလိုက်တဲ့ သူဌေးကြီး က ငါချမ်းသာတာပဲ၊ ငါ ကုမ္ပဏီပိုင်ရှင်ပဲ ဆိုပြီးတော့ မေမေ့ကို အနိုင်ကျ င့်နှိပ်စက်ပြီး မျက်ရည်ကျအောင်တော့ မလုပ်နဲ့ နော်၊ အဲဒီအခါကျရင် အဲ ဒီလူကြီးကို သား လာရိုက်မှာ နော်၊ နာကြည်းချက်တွေနဲ့ သူ့ကို မျက်ရ ည်ကျအောင် သား ပြန်လုပ်မှာ နော်'

'အဟင့် ... ဟင့် ...'

ပြောလည်း ပြောသည် ။ ရှိုက်လည်း ရှိုက်သည် ။

ပြီးတော့ သူ့အမေကို မျက်တောင်မခတ်ဘဲ တဝစိုက်ကြည့်ရင်း ဖြည်းဖြည်းချင်းလေး နောက်ကို တစ်လှမ်းချင်းဆုတ်သွား၏။ နောက်ဆု တ်ရင်း ပါးပြင်လေးပေါ်က မျက်ရည်စ လေးတွေကိုလည်း ပွတ်သုတ်သ ည် ။

နောက် ဟင့်ခနဲ တစ်ချက်ရှိုက်ကာ ကိုယ်ကလေးကို ချာခနဲ လှည့် ထွက်သွားသည် ။

'သား ... ရန်မဟာ'

'အမလေး ... မေမေ့သားလေးရယ်၊ မေမေ့ကို မမုန်းပါနဲ့ ၊ မေမေ လေ ... မေမေ အဟင့် ... ဟင့် ... ဟင့် ...'

သူ ဒီလို ချာခနဲ လှည့်ထွက်သွားစဉ်မှာ ရွှယ် နောက်ဆုံးမြင်လိုက်ရ တာက သူ့ပခုံးစွန်းလေးနှစ်ဖက်ပေါ်က နီကျင်ကျင် ဆံပင်လေးတွေ ဖွာခ နဲတစ်ချက်ယမ်းသွားပြီး ပါးပြင်လေးပေါ်က မျက်ရည်စလေးတွေကိုပါ ပွတ်တိုက်ဆွဲချသွားခဲ့တာပဲ ဖြစ်သည် ။

ပြောရရင် ရန်မဟာဆိုသည့် ထိုကောင်လေးက ဘယ်သူ့ကိုမှ အော က်ကျမခံတတ်သလို မာနကလည်း အရမ်းကြီးသည့် ကောင်လေးတစ်

ယောက်ဆိုတာ ထိုနေ့ကမှ ရွှယ် သိခဲ့ရတာလေ။

ရွှယ့်မျက်ဝန်းလေးထဲမှာ မပျောက်ပျက်အောင် စွဲထင်သွားရသည့် အရိပ်လေးတစ်ခုက ဆင်းရဲ၍ ဖြူရော်ရော် ပိန်ကပ်ကပ်လေး ဖြစ်နေပေမယ့် တည်တင်းမာကျောသော ထိုကောင်လေးရဲ့ မျက်ဝန်းလဲ့ပြာပြာတွေထဲက မာနတွေကိုပဲ ဖြစ်သည် ။

ရန်မဟာတဲ့ လား။

သူ ဘယ်မှာ နေတာလဲ။

***

# အခန်း(၂)

'ချဉ်ပေါင်ကြော် နှစ်ရာဖိုးပေး'

'ဟဲ့ … အမလေး၊ ရန်မဟာရယ် ငါက ဘယ်သူလဲလို့ '

ဒေါ်ကြီးမြ လှည့်ကြည့်လိုက်တာက အထိတ်တလန့်။

တည်လက်စ ဟင်းအိုးတစ်အိုးကိုမွှေရင်း ယောက်မကို ပစ်ချကာ ဆိုင်ပေါ်မှာ စီတန်းတင်ထားသည့် ဟင်းအိုးတွေဘက်ကို မျက်နှာလှည့်သည် ။

'နင့်အမေ … နင့်အမေနဲ့ တွေ့ခဲ့လားဟင် ရန်မဟာ'

'တွေ့တယ်'

'သူက ဘာပြောလဲ၊ နင် ပြန်ခေါ်တာကို မလိုက်ဘူးတဲ့ လား'

ဒီလိုစပ်စုမှာ ကိုသိလို့ ရန်မဟာကလည်း အဲဒီထမင်းဆိုင်မှာ ဟင်းလာမဝယ်ချင်တာ။ ခုတော့ တွေ့တာနဲ့ အမေ့အကြောင်းကို ဒေါ်ကြီးမြ မေးပြီ။

'ဟဲ့ … ရန်မဟာ၊ နင့်ကို ဒေါ်ကြီးမြ မေးနေတယ်လေ၊ တွေ့တော့ သူက ပြန်မလိုက်ဘူးလား'

'မလိုက်ဘူး'

ရန်မဟာ ပြန်မဖြေချင်ပါ။

ဒါပေမဲ့ မဖြေလို့ လည်း မရ။

ဒီတစ်ရပ်ကွက်လုံး အမေက အဖေ့ကိုကွာပြီး ကုမ္ပဏီပိုင်ရှင် မုဆိုးဖို တစ်ယောက်နဲ့ အတိအလင်းလက်ထပ်ယူတော့မယ့် သတင်းတွေက ပျံ့နှံ့နေခဲ့ပြီးသား။ ဒီလိုမေးလို့ ဖြေရတာကိုလည်း ရန်မဟာက စိတ်ညစ်သည် ။

'ငါးပိရည်နဲ့ တို့ စရာက တစ်ရာဖိုးနော်'

'အေးပါဟယ် ... အေးပါ၊ နင် ဝယ်နေတာ ငါသိပါတယ်'

ဒီထမင်းဆိုင်ရှေ့မှာ ကြာကြာလည်း ရန်မဟာ ရပ်မနေချင်ပါ။

'အခု နင့်အမေနေတဲ့ တိုက်က နောက်ဆုံးပေါ် ခေတ်မီ အပုံစံတိုက်ဆို၊ သူစီးရမယ့်ကားတွေကလည်း အများကြီးပဲဆို'

'ဟုတ်တယ်လေ ဒေါ်ကြီးမြ၊ အဲဒါ ဘာဖြစ်လို့ လဲ'

'နင့်အမေ အမုန်းပြိုင်က နင်တို့ ညီအစ်ကို နှစ်ယောက်ကို မခေါ်ဘူးလားဟင်၊ သူ့ငွေကိုယူပြီး ဒီလောက်တောင် ကောင်းစားသွားတာ'

ချဉ်ပေါင်ကြော်အိုးထဲကို ဇွန်းတစ်ချောင်းခပ်ထည့်ကာ ကြွပ်ကြွပ်အိတ်ကလေးထဲကို ဒေါ်ကြီးမြ လောင်းထည့်သည် ။ ငါးပိရည်နဲ့ တို့ စရာကိုလည်း ကြွပ်ကြွပ်အိတ်ကလေးတွေနဲ့ ပဲ ဒေါ်ကြီးမြက ဖြစ်သလိုလေး ထည့်ပေး၏။

'ခေါ်ပါတယ်'

'ဟဲ့ ... ခေါ်ရင် နင်တို့ ညီအစ်ကိုနှစ်ယောက်စလုံး နင့်အမေနဲ့ သွားနေကြပါလား၊ ဒီမှာ ဒီလောက်ဆင်းရဲနေတာကို'

'ဟာ ... မနေချင်ပါဘူး'

ရန်မဟာ ခေါင်းကလေးကို သွက်သွက်ခါရင်း ပြန်ဖြေမိ၏။

လက်ထဲမှာ ကျစ်နေအောင် ကိုင်ထားသည့် နှစ်ရာတန်အဟောင်းလေးတစ်ရွက်နှင့် တစ်ရာတန်အဟောင်းလေးတစ်ရွက်ကို လှမ်းပေးရင်း အထုပ်ကလေးတွေကိုပါ လှမ်းယူသည် ။

'ရန်မဟာရယ် ... နင်ဟာလေ လူလေးက လက်တောက်လောက်လေးနဲ့ မာနက အရမ်းကြီးတာပဲ၊ နင်တို့ ညီအစ်ကိုတွေ ဒုက္ခရောက်မှာစိုးလို့ ဒေါ်ကြီးမြဲက စေတနာနဲ့ ပြောနေတာ'

ရန်မဟာ ဘာမှ ပြန်ဖြေမနေတော့ဘဲ ဒေါ်ကြီးမြဲ ထမင်းဆိုင်ရှေ့က နေ အထုပ်ကလေးတွေဆွဲကာ လှည့်ထွက်ခဲ့တော့၏။ လမ်းထဲကို ဝင်တော့လည်း ဘယ်သူ့ကိုမှ နှုတ်မဆက်ချင်။

အိမ်ပေါ်ကိုတက်တော့ ဖေဖေက အိမ်ရှေ့ဘုရားစင်ရှေ့မှာ တုံးလုံးကလေး ...

'သားငယ်လေး ပြန် လာပြီလား'

ခြေသံကိုကြား၍ ဖေဖေက လှမ်းမေးလိုက်တာပဲ ဖြစ်သည် ။

'ပြန် လာပြီ ဖေဖေ'

အသင့်ပြင်ထားသော ထမင်းဝိုင်းကလေးဆီ ဟင်းထုပ်ကလေးတွေကို ရန်မဟာ လှမ်းတင်သည် ။ ထမင်းဝိုင်းကလေးက ထုံးစံအတိုင်း ခြောက်ခြောက်ကပ်ကပ်ကလေးပင်။ ဖေဖေ့အတွက် ချန်ထားသည့် ကြက်သားလေးတစ်တုံးက ဟင်းခွက်ကလေးထဲမှာ ဒီအတိုင်း။ မနက်ကဝယ်ထားသည့် ပဲဟင်းကလေးကလည်း တစ်ခွက်စာ ကျန်နေသေးတာမို့ ညစာအတွက်ကတော့ အဆင်ပြေသွားခဲ့ပါသည် ။

‘ဟော့ကောင် … မင်း ဘာဟင်းဝယ်လာလဲ’

ကိုကြီးထပ်တူညီက နောက်ဖေးခန်းထဲက ထွက်လာရင်း ထမင်းစားပွဲကိုကြည့်ကာ လှမ်းမေးသည် ။

‘ချဉ်ပေါင်ကြော်’

ရန်မဟာလေသံက မဖြေချင့် ဖြေချင်။

‘မင်းကလည်း ကွာ … ဝက်သားလေးတစ်တုံးလောက်တောင် ဝယ်မလာဘူးလား၊ ဒီချဉ်ပေါင်ကြော်ကြီး မကြိုက်ဘူးကွ’

ရန်မဟာ စိတ်ဆတ်ဆတ်နဲ့ ပဲ ကိုကြီးမျက်နှာကို ချာခနဲလှည့်ကြည့်သည် ။

‘ပိုက်ဆံမရှိလို့ ဝယ်မလာတာ ကိုကြီးရ၊ အခုဝယ်လာတာတောင် အားလုံး သုံးရာဖိုး’

မတူညီသည့် စိတ်ဓာတ်တွေကို ပိုင်ထားသည့် ညီအစ်ကိုနှစ်ယောက် ။

ကိုကြီးက ဟင်းကိုလည်း ကောင်းမှ ။

အဝတ်အစားဆိုလည်း သစ်မှ ။

တစ်နေကုန် တစ်နေခန်း လမ်းထိပ်က ဘိလိယက်ခုံကိုသွားပြီး လူကြီးတွေကြားထဲမှာ ကြော့ကြော့လေး သွားနေတတ်သူ။

‘ငါ မစားတော့ဘူး ဟော့ကောင်’

အပြင်ထွက်ဖို့ ဖိနပ်ကောက်စီးသည် ။

‘သားကြီးရယ် … ရှိတာလေးနဲ့ ပဲ စားလိုက်ပါကွာ’

ဖေဖေက မစားဘဲ ထွက်သွားတော့မယ်ဆိုတော့ စိတ်မကောင်း။

သူ့သားကြီးကို အိပ်ရာထဲကနေ လှမ်းပြောနေလေ၏။

'အဲဒါကြောင့်မို့ ဒီအိမ်မှာ ကျွန်တော် မနေချင်တာ၊ အကောင်းဆုံးက မေမေ့နောက်ကိုလိုက်သွားတာ အကောင်းဆုံးပဲ'

'ကိုကြီးနော် ... ဖေဖေ့ရှေ့မှာ အဲဒီစကား မပြောနဲ့ '

'ဟော့ကောင် ... ရန်မဟာ၊ မင်းက အငယ်၊ မင်းပါးစပ်ပိတ်ထား'

ထွက်မသွားသေးဘဲ ရန်မဟာဘက် ပြန်လှည့်လာ၏။

'ပိတ်ထားလို့ ရမလား ကိုကြီးရ၊ ကိုကြီးက ဖေဖေ စိတ်မကောင်းဖြစ်အောင် ဘာလို့ ပြောလဲ၊ ဒီမှာ ဖေဖေ နေမကောင်းလို့ အိပ်ရာထဲလဲနေတာ ကိုကြီး မမြင်ဘူးလား၊ ဖေဖေ့ဆေးဖိုးက တစ်နေ့ ငါးရာရှိတယ်၊ ဆယ်ဖိုး ဟင်းဖိုး ရေဖိုး အဲဒါတွေ ဘယ်ကရနေသလဲဆိုတာ ကိုကြီး သိလို့လား'

'ဟော့ကောင် ... မင်း ဆရာမလုပ်နဲ့ နော်'

မခံနိုင်တော့ ရန်မဟာက ပြန်ပြောမိသည် ။

'ဆရာလုပ်တာ မဟုတ်ဘူး ကိုကြီး၊ ကိုကြီး မသိမှာ စိုးလို့ ကျွန်တော် ပြောနေတာ၊ ဖေဖေ ကားအုံနာဆီမှာ စပေါ်တင်ထားတဲ့ ငွေကလည်း ထုတ်ရင်း ထုတ်ရင်းနဲ့ အခု ကုန်သွားပြီ၊ ဖေဖေ နေပြန်ကောင်းလာရင်တောင် ကားပြန်မောင်းဖို့ စပေါ်တင်စရာ မရှိတော့ဘူး'

'အေး ... အဲဒါ လွယ်လွယ်လေး၊ မေမေ့ဆီမှာ သွားတောင်းလိုက်ရုံပဲ'

ကိုကြီးက ဘော်ကြော့သမားမို့ လွယ်လွယ်ပဲတွေးသည် ။

ဒါကိုတော့ ငယ်ပေမယ့် ရန်မဟာက လက်မခံနိုင်ပါ။

‘ဘာလို့ သွားတောင်းရမှာ လဲ၊ ဒီလိုရလာတဲ့ ပိုက်ဆံကို ကျွန်တော် မမက်ဘူး’

‘ဟော့ကောင် … မင်း မစားရင်လည်း အငတ်ခံလေ၊ ငါကတော့ ရှင်းရှင်းပဲ၊ ဒီမှာ နေလို့ အဆင်မပြေရင် မေမေနဲ့ သွားနေမယ်’

‘တော်ပြီ ကိုကြီးရာ၊ ကိုကြီးနဲ့ ကျွန်တော် စကားလည်း မပြောချင်ဘူး ၊ ရန်လည်း မဖြစ်ချင်ဘူး၊ ကိုကြီး ကြိုက်သလိုလုပ် ကျွန်တော်ကတော့ ဖေဖေနဲ့ ပဲ နေမယ်’

‘နေလေ … နေပေါ့၊ ငါကတော့ မင်းတို့ နဲ့ မနေချင်တော့ဘူး’

ပြောပြီး ချာခနဲလှည့်ထွက်သွားသည် ။

‘သားငယ်လေး … ရန်မဟာ’

‘ဗျာ … ဖေဖေ’

‘မင်းကိုကြီးကို မပြောပါနဲ့ ကွာ၊ သူကြိုက်သလို နေပါစေ၊ သူက အစားကောင်း အသောက်ကောင်းကို မက်မောသလို အဝတ်အစားကိုလည်း ကောင်းကောင်း သစ်သစ်လေးမှ ဝတ်ချင်တာကွ ’

‘ဖေဖေရယ် … သားတို့ မှာ က ဖေဖေသိတဲ့ အတိုင်း …’

ပြောရမယ်ဆိုရင် အခုချိန်မှာ ဖေဖေ စိတ်ဆင်းရဲမယ့်စကား၊ ဖေဖေ စိတ်ဓာတ်ကျရမယ့် စကားတွေကို ရန်မဟာ မပြောချင်ပါ။ ဖေဖေနဲ့ မေမေ ရပ်ကွက်ရုံးမှာ တရားဝင်ကွာရှင်းပြီး အိမ်ပေါ်ကနေ မေမေ ဆင်းသွားကတည်းက နောက်တစ်နေ့မှာ ဖေဖေ အိပ်ရာထဲလဲသွားခဲ့တာ ဖြစ်သည် ။

ရန်မဟာ ဖေဖေ့ကိုကြည့်ကာ အမြဲလိုလို မျက်ရည်ဝဲခဲ့ရ၏။

သူများ အိမ်မှာ ပိုက်ဆံပြေးချေးတော့လည်း ရန်မဟာ။

ချိုင့်ကလေးဆွဲပြီး ဟင်းထွက်ဝယ်ရတော့လည်း ရန်မဟာ။

ဖေဖေ စားစရာမရှိလို့ လမ်းထဲက ရေစက်အိမ်အထိသွားကာ ရေထမ်းရတော့လည်း ရန်မဟာ။

'ဟဲ့ ကောင်လေး ... ရန်မဟာ၊ နင်ထမ်းတာ လေးထမ်း ရှိသွားပြီနော်၊ ကိုယ်ထမ်းတာလည်း ကိုယ် သေသေချာချာ မှတ်ထားဦး'

'မှတ်ထားပါတယ်ဗျ'

'အေး ... ထမ်းပြီးရင်လည်း လက်ငင်းရှင်းရမှာ နော်၊ ညနေကျမှ ယူပါတို့ ၊ နောက်နေ့မှ ပေါင်းရှင်းမယ်တို့ အဲဒါမျိုးမလုပ်နဲ့ ၊ ရေစက်ကမီးပျက်ရင် ရေထည့်မောင်းလို့ မရဘူး'

ရေစက်အိမ်က အပျိုကြီးဒေါ်ခင်သီတာက ဘဝင်ခပ်မြင့်မြင့်၊ အတ္တက ခပ်ကြီးကြီး၊ ရန်မဟာတို့ အဆင်မပြေမှန်းသိတော့ ဆက်ဆံတာကလည်း ခပ်နှိမ်နှိမ်။ ရန်မဟာကလည်း ဂရုမစိုက်ပါ။

'သိပါတယ်ဗျ၊ ရေထမ်းပြီးတာနဲ့ တစ်ခါတည်းရှင်းမယ်'

တိုင်ကီတစ်လုံးစာ ထမ်းထည့်လိုက်တာမို့ ငွေနှစ်ရာ လျှော့ခနဲထွက်သွားသည် ။

ပြီးရင် တစ်ခါလာဦးမယ်။ ရပ်ကွက်ကင်းကြေး။

အဲဒါကလည်း အကြွေးထားလို့ မရ။

အကြွေးထားလိုက်တာနဲ့ ရပ်ကွက်ရုံးက ခေါ်ပြီ။

'ဟဲ့ ... ရန်မဟာ၊ နေပါဦး ... နင့်ကို ငါ မေးစရာရှိလို့ '

အပျိုကြီး ဒေါ်ခင်သီတာကလည်း စပ်စပ်စုစု။

ရန်မဟာ နဖူးပေါ်က ဆံပင်တွေကြားထဲ လက်ထိုးသွင်းကာ အပျိုကြီးဒေါ်ခင်သီတာကို မော့ကြည့်မိသည် ။

'ဘာလဲဗျ'

'နင့်အမေ ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ယောက်နဲ့ ယူလိုက်ပြီဆို'

'ဟုတ်တယ်'

မျက်နှာထားတည်တည်လေးနဲ့ ပဲ ရန်မဟာ ဖြေမိသည် ။

'ဟယ် ... ဒါဆို နင်တို့ ထောပြီပေ့ါ'

'ဘာဆိုင်လို့ လဲ'

ပြန်ကြည့်လိုက်သည့် ရန်မဟာ မျက်ဝန်းလေးတွေက မကြည်မလင် ။

'ဟဲ့ ... မဆိုင်လို့ ရမလား၊ နင်တို့ အမေထောရင် နင်တို့ ထောတာ ပေ့ါ၊ နင်တို့ အမေက အပျိုကတည်းက အရမ်းလှတာ၊ ဟုတ်တုန်းကဆို ရင် ကမာရွတ်လှည်းတန်းဈေးမှာ နင်တို့ အမေ နှင်းဆီပန်းရောင်းတာ ကြိုက်တဲ့ လူတွေမှ ဝိုင်းဝိုင်းလည်ပဲ၊ ပြီးတော့ အခု နင်တို့ အမေယူလိုက် တဲ့ နောက်ယောကျ်ားကုမ္ပဏီပိုင်ရှင်ကလည်း နင်တို့ အမေ အပျိုဘဝက တည်းက ကြိုက်ခဲ့ဖူးတဲ့ ရည်းစားဟောင်းတွေဆို'

ကြည့်စမ်း ... ဒီသတင်းတွေ ဘယ်ကကြားထားတာလဲ။

ရန်မဟာ မျက်နှာလေး ဆတ်ခနဲ မော့သွားသည် ။

'ဟဲ့ ...'

သူမေးတာကို ပြန်မဖြေတော့ဘဲ ရန်မဟာ ချာခနဲလှည့်ထွက်လာခဲ့တော့ အော်သံလေးတစ်ခုနဲ့ အတူ ဒေါ်ခင်သီတာ မျက်မှောင်ကြုတ်လျက် မကျေမနပ် ကျန်ခဲ့သည် ။

ဆံပင်ဖွာဖွာလေးနဲ့ ဂျစ်တစ်တစ်မျက်နှာထားလေးကို ပိုင်တဲ့ ရန်မဟာ။ တစ်ရပ်ကွက်လုံးလည်း ဘယ်သူနဲ့ မှ ရန်မဟာ မတည့်ပါ။ ရွယ်တူချင်းတွေထဲက ရန်မဟာကို မခံချင်အောင် ပြောလို့ ကတော့ တစ်ခါတည်း ဆွဲထိုးပြီးသားပဲ။ အသက်ကလည်း ဆယ့်သုံးနှစ်ကျော်လို့ ဆယ့်လေးနှစ်ထဲကိုရောက်ပြီဆိုတော့ မဟုတ်မခံစိတ်ကလေးနဲ့ မျက်နှာထားလေးကလည်း တင်းတင်းတည်တည်လေးမို့ အကြောင်းသိသူတွေက ချစ်ပေမယ့်အကြောင်း မသိသူတွေကတော့ ...

'ဟဲ့ ... ဒါ အမုန်းပြိုင်ရဲ့ သား အငယ်ကောင်လေးလား'

'ဟုတ်တယ်လေ သူ့နာမည်က ရန်မဟာတဲ့ '

'ကြည့်စမ်း ... သူ့အမေ ဒီလောက်ချမ်းသာတာတောင် ဒီကောင်လေးက သူများ တွေခိုင်းတာကို လိုက်လုပ်နေရသလား'

'အမလေး ... အမေရယ်၊ အမေက ဘာသိလို့ လဲ၊ အဲဒီ ရန်မဟာဆိုတဲ့ ကောင်လေးက အသက်ကလေးက ငယ်သေးပေမယ့် မာနကအရမ်းကြီးတာ၊ စကားပြောရင်လည်း ဂျွတ်ဆတ်ဆတ်လေးနဲ့ တည်တည်ပြတ်ပြတ်ကလေး'

'ဟဲ့ ... အမုန်းပြိုင်မှာ သားအကြီးကောင်တစ်ယောက်လည်း ရှိသေးတယ်ဆို'

'ရှိတယ်လေ အမေရဲ့ ၊ အငယ်ကောင်လေး ရန်မဟာက ဖရိုဖရဲလေးနဲ့ ဖြစ်သလိုလေးနေတတ်သလောက် အကြီးကောင်လေးက သန့်သန့်ယ

ဉ်ယဉ်ကလေးရယ်၊ ဘိလိယက်ခုံက လူကြီးတွေကြားထဲမှာ အမြဲ ဘိလိယက်ထိုးနေတာ’

‘ဒီကလေးတွေရဲ့ အဖေ သနားဖို့ ကောင်းပါတယ်ဟယ်၊ သူဒီလောက် သားတွေနဲ့ မိန်းမကို ရှာကျွေးနေတဲ့ ကြားက အမုန်းပြိုင် စိတ်ချမ်းသာအောင် ကွာပေးလိုက်ရတာ၊ ခုတော့ အမေက ကောင်းစားနေပြီး သားတွေက ဆင်းရဲနေလိုက်တာ’

‘ဟွန်း … အမေက ဘာသိလို့ လာပြောနေတာလဲ၊ အကြီးကောင်လေး ထပ်တူညီက သူ့အမေနောက်ကို လိုက်ပြီးသွားနေတော့မှာ ၊ အငယ်ကောင်လေးက စိတ်ဆတ်သလို စိတ်ကလည်း ပြတ်တယ်၊ သူ့အမေဆီကိုသွားပြီး ဘယ်တော့မှ လက်ဖြန့်ခံမတောင်းဘူးတဲ့ ’

‘ဟယ် … ဟုတ်လား၊ ဒါဆို အငယ်ကောင်လေးက တော်တော်မာနကြီးတာပဲ၊ သူ့အဖေမှာ အပြစ်မရှိတာကို သူသိလို့ နေမှာပေါ့’

ပတ်ဝန်းကျင်က တစ်ယောက်တစ်ပေါက် ဝေဖန်နေကြတာတွေကိုလည်း ရန်မဟာ မကြားချင်မှ အဆုံး။ ဘယ်သူကပြောပြော ပတ်ဝန်းကျင်ကို ဖြေရှင်းရတာကိုလည်း ရန်မဟာလေးက ဘယ်တော့မှ မလုပ်။ အခု ရန်မဟာ ခေါင်းကလေးထဲမှာ အမြဲစဉ်းစားနေမိတာက ဖေဖေ နေမကောင်းလို့ ပိုက်ဆံမရှာနိုင်တဲ့ အချိန်မှာ သူ ဘာလုပ်ရင်ကောင်းမလဲ။

***